မြန်မာသံရုံး၊ ဗန်ကောက်မြို့ (စီးပွားရေး)
အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဆိုင်ရာ သတင်းများ

၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက် (တနင်္လာနေ့)

## ပုံကျဈေးသည်များကို မျက်စိကျနေသည့် SME ဘဏ်

ထိုင်းနိုင်ငံ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ် (SME Bank) သည် ဈေး (wet market) များရှိ ပုံကျဈေးသည်များကို ချေးငွေများ ထုတ်ချေးပေးရန် ရည်မှန်းလျက်ရှိပါသည်။ ၎င်းတို့၏ ငွေဖြစ်လွယ်မှုကို မြှင့်တင်ပေးရန်နှင့် အတိုးကြီးစား ငွေချေးသူများအား ရှောင်နိုင်စေရန် ရည်ရွယ်၍ ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။

SME Bank အနေဖြင့် ဗန်ကောက်နှင့် ပြည်နယ်များရှိ အဓိက ဈေးများရှိ ပိုင်ရှင်များ၏ ပူးပေါင်းဆောင်ရွက်မှု ရရှိရန် ကြိုးပမ်းလျက်ရှိပါသည်။ ဈေးများရှိ ဈေးသည်တစ်ဦးအတွက် အများဆုံး ချေးငွေကို ဘတ် ၅ သန်း သတ်မှတ်ထားပါသည်။ အဓိကဈေးကြီးများစာရင်းတွင် ဆိုင်ပေါင်း (၅၀၀) ကျော်စီရှိသောYing Charoen (Saphan Mai), Klong Toey, Talad Thai စသည့်ဈေးကြီးများ ပါဝင်ပါသည်။

အိမ်နီးချင်းနိုင်ငံများ၌ စီးပွားရေးတိုးတက်မှု ကောင်းမွန်လျက်ရှိခြင်းကြောင့် ဝယ်ယူနိုင်မှုစွမ်းအား မြင့်မားလျက်ရှိရာ နယ်စပ်ဒေသများရှိ ဈေးများကို အဓိက ဦးတည်ဆောင်ရွက်ပါမည်။ ဈေးများရှိ ဈေးသည်များကို ချေးငွေများ ထုတ်ချေးခြင်းသည် ဈေးသည်များအား လစဉ်အတိုးနှုန်း(ဂဏန်းနှစ်လုံးရှိအတိုးနှုန်းဖြင့်)အတိုးကြီးစားသူများအပေါ် မှီခိုနေရမှုမှ လွတ်မြောက်စေမည်ဖြစ်ကြောင်း ဘဏ် ဥက္ကဋ္ဌ Mr. Supot က ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံ SME Bank ၏ တစ်နှစ် အတိုးနှုန်းမှာ ၈.၅ % ဖြစ်ပါသည်။ ဈေးသည်များ၏ လုပ်ငန်းသဘာဝအရ ငွေသားအသုံးပြုသော လုပ်ငန်းဖြစ်ပြီး ငွေပေါ်လွယ်မှု မြင့်မားသောကြောင့် ဈေးကြီးများရှိ ဈေးသည်များ၏ (ချေးငွေအတွက်) အတိုးနှုန်း ပေးနိုင်မှုနှင့် ပတ်သတ်၍ SME Bank အနေဖြင့် စိုးရိမ်ခြင်းမရှိကြောင်း သိရှိရပါသည်။

ရင်းမြစ်။ Bangkok Post; January 16, 2015

*********

## အာဆီယံနိုင်ငံများ၌ စီးပွားဖက်များ လိုအပ်လျက် ရှိသည့် ထိုင်း SME များ

အာဆီယံ စီးပွားရေး အသိုက်အဝန်း (AEC) မပေါ်ပေါက်ခင် ကြိုတင်၍ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများ အားလုံးကို ၎င်းတို့၏ တံခါးများ (ဈေးကွက်များ) ကို ဖွင့်ပေးခဲ့ပါသည်။ သို့သော် ထိုင်းစီးပွားရေးလုပ်ငန်းများ အထူးသဖြင့် SME

လုပ်ငန်းများအနေဖြင့် အဆိုပါ ဈေးကွက်များသို့ ဝင်ရောက်ရန် အတားအဆီး သို့မဟုတ် အခက်အခဲများစွာကို ရင်ဆိုင်နေရဆဲ ဖြစ်ကြောင်း သိရှိရပါသည်။

ထိုင်း SME များအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၌ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာနိုင်ငံရှိ ပြည်တွင်းစီးပွားဖက် ရှိသင့်ကြောင်း၊ လုပ်ငန်းလိုင်စင်အတွက် ကုန်ကျစရိတ်နှင့် ငွေလွှဲနှုန်းကို မည်သို့ဖြေရှင်း ဆောင်ရွက်မည် စသည်တို့နှင့် စပ်လျဉ်း၍ စွန့်စားရမှုများရှိကြောင်း KPMG (Vietnam and Cambodia) ဥက္ကဋ္ဌ Mr. Cleine က ပြောကြားခဲ့ပါသည်။

အာဆီယံနှင့် အခြားသော ကုန်သွယ်မှုဆိုင်ရာ သဘောတူစာချုပ်များအရ ဗီယက်နမ်သည် ဈေးကွက်ကို ပိုမိုဖွင့်ပေးခဲ့ပါသည်။ အာဆီယံနိုင်ငံများ၌ ရင်းနှီးမြှုပ်နှံခြင်းကို AEC အပြည့်အဝ အကောင်အထည်ဖော်ပြီးသည့် အချိန်အထိ စောင့်ဆိုင်းပါက အလွန်နောက်ကျမည် ဖြစ်သောကြောင့် ထိုင်းကုမ္ပဏီများအနေဖြင့် ယခုအချိန်မှာပင် စတင်ရင်းနှီးမြှုပ်နှံသင့်ကြောင်း တိုက်တွန်းကြပါသည်။ ဗီယက်နမ်ဈေးကွက်ရှိ စားသုံးသူများ၏ လိုအပ်ချက်များကို ပိုမိုနားလည်နိုင်အောင် ဗီယက်နမ်ပုံစံ (style) နှင့် ယဉ်ကျေးမှုကို ပိုမိုလေ့လာသင့်ပါသည်။ ထိုင်းထုတ်ကုန်များသည် ဗီယက်နမ်ဈေးကွက်၌ နာမည်ကောင်း သို့မဟုတ် ကောင်းမွန်သော ဂုဏ်သတင်းရှိပြီးဖြစ်သော်လည်း ထိုင်းကုမ္ပဏီများအနေဖြင့် ဈေးကွက် ဝင်ရောက်ရန် သင့်တော်သော နည်းလမ်း လိုအပ်ပါသည်။

ဗီယက်နမ်နိုင်ငံသည် ဗီယက်နမ် စစ်ပွဲ ပြီးဆုံးပြီးနောက် ကုန်သွယ်မှုဆိုင်ရာ ကန့်သတ်ချက်များ ပယ်ဖျက်ခဲ့ပြီး နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများအား ၎င်း၏ ဈေးကွက်ကို ဖွင့်ပေးခဲ့ပါသည်။ သို့ရာတွင် အာဆီယံ နိုင်ငံအများစုသည် ၁၉၉၇ ငွေကြေးအကြပ်အတည်းကို ရင်ဆိုင်ခဲ့ရသောကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုသည် နှေးကွေးစွာသာ တိုးတက်ခဲ့ပါသည်။

ဗီယက်နမ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ဥပဒေများသည် ရှုပ်ထွေးပြီး ရှင်းလင်းမှု မရှိကြောင်း၊ ဗီယက်နမ်၌ ထိုင်းရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့မှု နှေးကွေးနေသည့်အတွက် စီးပွားရေးလုပ်ငန်း မြှင့်တင်ရေး စီမံချက်များ အကောင်အထည်ဖော်ဆောင်ရွက်မှုသည် နှောင့်နှေးကြန့်ကြာနေကြောင်း KPMG (Thailand) မှ Mr. Chareon က ပြစ်တင်ဝေဖန်ခဲ့ပါသည်။

ကမ္ဘောဒီးယားနိုင်ငံသည်လည်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရန် အထူးအခွင့်အရေး များစွာပေးထားပြီး လျင်မြန်စွာ တိုးတက်လာသော နိုင်ငံဖြစ်ကြောင်း၊ သို့ရာတွင် ကမ္ဘောဒီးယားနိုင်ငံ၌ တရုတ်ရင်းနှီးမြှုပ်နှံသူများ လွှမ်းမိုးဖွယ် ရှိသောကြောင့် ထိုင်းရင်းနှီးမြှုပ်နှံသူများအနေဖြင့် ယှဉ်ပြိုင်ရန် ခက်ခဲနိုင်ကြောင်း သိရှိရပါသည်။

ရင်းမြစ်။ Bangkok Post; January 15, 2015

*********

## SME ဘဏ်သည် အသေးစား လုပ်ငန်းများ၏ ငွေဖြစ်လွယ်မှုကို မြှင့်တင်ရန် ချေးငွေသစ်များ ထုတ်ချေးရန် ရည်မှန်း

ထိုင်းနိုင်ငံ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရေးဘဏ် (SME Bank) သည် စီးပွားရေး ပြန်လည်နလန်ထူလာမှု အားပျော့နေသောကြောင့် အသေးစား စီးပွားရေးလုပ်ငန်းများ၏ ငွေဖြစ်လွယ်မှုကို အားဖြည့်ပေးရန် ရည်ရွယ်ချက်ဖြင့် ယခုနှစ်တွင် ချေးငွေအသစ် ဘတ် ၄၀ ဘီလီယံ ထုတ်ချေးရန် ရည်မှန်းထားပါသည်။

ယခုနှစ် ပထမ သုံးလပတ်အတွင်း စီးပွားရေးပြန်လည်နလန်ထူလာမှုသည် ထိခိုက် မခံသော အနေအထားတွင် ဆက်လက် တည်ရှိနေမည်ဖြစ်ကြောင်း SME Bank ၏ ဒါရိုက်တာ အဖွဲ့ ဥက္ကဋ္ဌ Ms. Salinee ကပြောကြားခဲ့ပါသည်။ ယင်းကဲ့သို့ စီးပွားရေးအရ ခက်ခဲသော ကာလတစ်လျှောက်တွင် SME Bank အနေဖြင့် အသေးစားစီးပွားရေးလုပ်ငန်းများ ထောက်ပံ့ ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မည်ဖြစ်ပါသည်။

ထိုင်းနိုင်ငံရှိ ကူးသန်းရောင်းဝယ်ရေးဘဏ်များသည် အစိုးရ၏ အခြေခံအဆောက်အဦ စီမံကိန်းများအတွက် ငွေကြေးဖြည့်တင်းရာတွင် ငွေချေးပေးနိုင်ရန်အတွက် ပြင်ဆင်သည့် အနေဖြင့် အပ်နှံငွေ/ အာမခံငွေ (deposit) မြှင့်တင် လိုက်သောကြောင့် ယခုနှစ်၌ ဘဏ် လုပ်ငန်းစနစ်တွင် ငွေဖြစ်လွယ်မှုသည် ကြပ်တည်းမည် ဖြစ်ပါသည်။

နိုင်ငံပိုင်ဘဏ်ဖြစ်ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန၏ ရင်းနှီးမြှုပ်နှံငွေ ၉၈ % ပါဝင်သည့် SME Bank သည် ရင်းနှီးငွေ ဘတ် ၂ ဘီလီယံ တိုးမြှင့်ခြင်းကို ဖေဖော်ဝါရီလ နောက်ဆုံးထား၍ အပြီးသတ်ဆောင်ရွက်မည်ဟု မျှော်လင့်ထားပါသည်။ အဆိုပါ ရင်းနှီးမြှုပ်နှံငွေ အသစ်မှ ဘတ် ၁.၅ ဘီလီယံသည် ချေးငွေသစ်များထုတ်ချေးခြင်းအတွက်ဖြစ်ပြီး၊ ဘတ် သန်း ၅၀၀ သည် ဘဏ္ဍာရေးဝန်ကြီးဌာန၏ SMEs Pirvate Equity Trust Fund အတွက် ဖြစ်ပါသည်။

SME Bank ၏ ရင်းနှီးမြှုပ်နှံငွေအား ဘတ် ၂၀ ဘီလီယံမှ ၃၀ ဘီလီယံသို့ မြှင့်တင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာန၏ အတည်ပြုပြီးဖြစ်ကြောင်း၊ ရင်းနှီးငွေ ဘတ် ၂ ဘီလီယံ တိုးမြှင့် ခြင်းသည် အဆိုပါ အတည်ပြုချက်၏ တစ်စိတ်တစ်ဒေသ ဖြစ်ကြောင်း၊ နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းများ မူဝါဒ ကော်မရှင် သို့မဟုတ် superboard ၏ စည်းမျဉ်းများနှင့် အညီ SME Bank သည် ဖောက်သည်အသစ်တစ်ဦးလျှင် ဘတ် ၁၅ ဘီလီယံ အထိသာ ထုတ်ချေးပေးမည်ဟု ကန့်သတ်ရန် ရည်ရွယ်ထားကြောင်း သိရှိရပါသည်။

ရင်းမြစ်။ Bangkok Post; January 15, 2015

*********